ကိုလိုနီခေတ်နှင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်း၊ မြန်မာနိုင်ငံအတွက် ဖက်ဒရယ်စနစ် မြစ်ဖျားခံရာ

© ခင်မောင်ဝင်း Institute for Peace and Social Justice 202609

၁။ အချီး

မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးသမိုင်းကြောင်းကို လေ့လာရာတွင် ဗြိတိသျှကိုလိုနီခေတ် (၁၈၂၄ မှ ၁၉၄၈ ခုနှစ်အထိ) ကာလသည် အလွန်အရေးပါသော အချိုးအကွေ့တစ်ခု အဖြစ်မြင်တွေ့နိုင်သည်။ ကုန်းဘောင် မင်းဆက်၏ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံမှ ဗြိတိသျှအိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် သီးခြားကိုလိုနီနိုင်ငံအဖြစ်သို့လည်းကောင်း ပြောင်းလဲရောက်ရှိခဲ့သည်။ ဗြိတိသျှတို့သည် ကျူးကျော်စစ်သုံးခုကိုဆင်နွှဲကာ ထိုသို့ အဆင့်ဆင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံကို သိမ်းပိုက် ပြီးနောက် ဗြိတိသျှအစိုးရသည် အုပ်ချုပ်ရေးလွယ်ကူစေရန်နှင့် ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး အကျိုးအမြတ်များကို ကာကွယ်နိုင်ရန်အတွက် ပထဝီဝင်အနေအထားနှင့် လူမျိုးရေးကွဲပြားမှုများကို အခြေခံ၍ ဝန်ကြီးများ အုပ်ချုပ်သော မြန်မာပြည်မ (Ministerial Burma သို့မဟုတ် Burma Proper) နှင့် တောင်တန်းဒေသများ (Frontier Areas သို့မဟုတ် Scheduled Areas) ဟူ၍ အုပ်ချုပ်ရေးယန္တရား နှစ်ရပ်ခွဲခြားကာ "ခွဲခြားအုပ်ချုပ် ရေးစနစ် (Divide and Rule Policy)" ကို စနစ်တကျ ကျင့်သုံးခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလသို့ ရောက်သောအခါ၊ ဆယ်စုနှစ်ပေါင်းများစွာ သီးခြားစီ အုပ်ချုပ်ခံခဲ့ရသော ပြည်မနှင့် တောင်တန်းဒေသတို့အကြား ယုံကြည်မှုတည်ဆောက်ရေးမှာ အလွန်အရေးပါသော နိုင်ငံရေးစိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့သည်။ ဤသမိုင်းဝင် စိန်ခေါ်မှုကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ဖြင့် ကျော်လွှားနိုင်ခဲ့ပြီး တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် လွတ်လပ်ရေးအရယူရန် သဘောတူညီခဲ့ကြသည်။ သို့ရာ တွင် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက် အလျင်စလို ရေးဆွဲခဲ့သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပ

ဒေသည် အမည်ခံဖက်ဒရယ်စနစ် (Quasi Federalism) သာဖြစ်ခဲ့ပြီး လက်တွေ့တွင် တပြည်ထောင်စနစ် (Unitary State) သဏ္ဌာန် ဖော်ဆောင်ထားသဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းစစ်နှင့် နိုင်ငံရေး အကျပ်အတည်းများစွာကို ဖြစ်ပေါ်စေခဲ့သည်။

ဤဆောင်းပါးတွင် မြန်မာနိုင်ငံအား ဗြိတိသျှတို့ သိမ်းပိုက်ခဲ့ပုံ၊ အုပ်ချုပ်ရေး ယန္တရားများ ခွဲခြားတည်ဆောက်ခဲ့ပုံ၊ ပင်လုံစာချုပ်မှတစ်ဆင့် လွတ်လပ်ရေးရယူရန် ကြိုးပမ်းခဲ့ပုံ၊ လွတ်လပ်သော မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရန် မြန်မာပြည်မနှင့် တောင်တန်းဒေသ ခေါင်းဆောင်များ သဘောတူညီမှု တည်ဆောက်ခဲ့ပုံ၊ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များနှင့် နောက်ဆက်တွဲ နိုင်ငံရေးပြဿနာများကို သုံးသပ်တင်ပြထားသည်။ ထိုအချက်များကို သိရှိနားလည်ခြင်းသည် မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ် မြစ်ဖြားခံရာနှင့် ဆက်စပ်သော နိုင်ငံရေးပြဿနာများကို နားလည်ခြင်းလည်း ဖြစ်ပေမည်။

၂။ အင်္ဂလိပ်-မြန်မာ ကျူးကျော်စစ် သုံးခုနှင့် အချုပ်အခြာအာဏာ ကျဆုံးခြင်း

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ဆယ်စုနှစ် ခြောက်ခုကျော်အတွင်း စစ်ပွဲသုံးကြိမ် ဆင်နွှဲ၍ အဆင့်ဆင့် သိမ်းပိုက်ခဲ့သည်။ ယင်းစစ်ပွဲများသည် နယ်စပ်ဒေသ အငြင်းပွားမှုများကြောင့် ဖြစ်ရခြင်းမဟုတ်ဘဲ၊ ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ (East India Company) ၏ စီးပွားရေးအကျိုးအမြတ် လိုလားမှုများ၊ မြန်မာ့ သဘာဝသယံဇာတများကို မက်မောရလိုမှုများနှင့် ဒေသအတွင်း ပြင်သစ်တို့၏ သြဇာလွှမ်းမိုးလာမှုကို ဟန့်တားလိုသော ပထဝီနိုင်ငံရေးအရ အင်အားပြိုင်မှုများကြောင့် ဖြစ်ပွားခဲ့ရသည်။

စစ်ပွဲအမည်နှင့် ကာလ	**အဓိကဖြစ်ပွားရသည့် မဟာဗျူဟာ မြောက် အကြောင်းရင်းများ**	**စစ်ပွဲ၏ ရလဒ်၊ စာချုပ်များနှင့် အကျိုးဆက်များ**
ပထမ အင်္ဂလိပ်-မြန်မာစစ် (၁၈၂၄ ခုနှစ် မတ်လ ၅ ရက် - ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်)	ကုန်းဘောင်မင်းဆက်၏ အင်ပါယာချဲ့ထွင်မှုကြောင့် (အထူးသဖြင့် အာသံနှင့် မဏိပူရ) ဗြိတိသျှ ဘင်္ဂလားနယ်စပ်နှင့် ထိစပ်လာပြီး စစ်ရေးတင်းမာမှုများ ဖြစ်ပေါ်ခြင်း။	ရန်ကုန်စာချုပ် (Treaty of Yandabo) ချုပ်ဆိုရပြီး ရခိုင်၊ တနင်္သာရီ၊ အာသံနှင့် မဏိပူရတို့ကို ပေးအပ်ခဲ့ရကာ စစ်လျော်ကြေး ပေါင်တစ်သန်း ပေးဆောင်ခဲ့ရသည်။
ဒုတိယ အင်္ဂလိပ်-မြန်မာစစ် (၁၈၅၂ ခုနှစ် ဧပြီလ ၅ ရက် - ၁၈၅၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်)	ဗြိတိသျှကုန်သည်များ၏ အကျိုးစီးပွား၊ သစ်တောထွက်ပစ္စည်းများကို လိုလားမှုနှင့် ကုန်သွယ်ရေး အငြင်းပွားမှုများကို အကြောင်းပြု၍	အောက်မြန်မာပြည် (ပဲခူးတိုင်း) ကို သိမ်းပိုက်ခံရပြီး ကုန်းဘောင်မင်းဆက်သည် ပင်လယ်ထွက်ပေါက် ပိတ်ဆို့ခံရကာ ကုန်းတွင်းပိတ် နိုင်

	ကျူးကျော်ခြင်း။	ငံအဖြစ် ရောက်ရှိသွားသည်။
တတိယ အင်္ဂလိပ်-မြန်မာစစ် (၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၇ - ၂၉ ရက်)	ပြင်သစ်သြဇာလွှမ်းမိုးလာမှုကို ဖြတ်သျှတို့ စိုးရိမ်ခြင်းနှင့် ဘုံဘောဘားမားသစ်ကုမ္ပဏီ ဒဏ်ရိုက်ခံရခြင်းတို့ကို အကြောင်းပြု၍ အပြီးသတ် သိမ်းပိုက်ခြင်း။	အထက်မြန်မာပြည်ကို သိမ်းပိုက်ပြီး သီပေါမင်း ပါတော်မူကာ ကုန်းဘောင်မင်းဆက်နှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ လုံးဝ ဆုံးရှုံးခဲ့ရသည်။

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၂၄-၁၈၂၆) ၏ နိုင်ငံရေးအကျိုးဆက်များ

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲသည် ကုန်းဘောင်မင်းဆက်ဘုရင်များဖြစ်ကြသော ဘိုးတော်ဘုရား (ဗဒုံမင်း) နှင့် ဘကြီးတော်မင်းတို့၏ ပြင်းထန်သော နယ်မြေသစ်ချဲ့ထွင်မှု မူဝါဒများနှင့် အိန္ဒိယတိုက်ငယ်တွင် နယ်ချဲ့နေသော ဖြတ်သျအရှေ့အိန္ဒိယကုမ္ပဏီတို့အကြား ထိပ်တိုက်တွေ့ဆုံမှုမှ စတင်ခဲ့သည်။ မြန်မာတို့က ၁၇၈၅ ခုနှစ်တွင် ရခိုင်ကိုလည်းကောင်း၊ ၁၈၁၃ ခုနှစ်တွင် မဏိပူရကိုလည်းကောင်း၊ ၁၈၁၉ ခုနှစ်တွင် အာသံကိုလည်းကောင်း သိမ်းပိုက်ခဲ့ရာ ဖြတ်သျအိန္ဒိယ၏ ဘဏ်လားနယ်စပ်နှင့် တိုက်ရိုက်ထိစပ်လာခဲ့သည်။ နှစ်ပေါင်း ၂၀ ကျော်ကြာ တင်းမာမှုများ ဖြစ်ပွားပြီးနောက်၊ စစ်တကောင်းနယ်စပ်ရှိ ရှင်မဖြူကျွန်း (Shapuree Island) အငြင်းပွားမှုနှင့် ကချာ (Cachar) နယ်မြေများသို့ မြန်မာတပ်များ ဝင်ရောက်မှုမှတစ်ဆင့် စစ်ရေးတင်းမာမှုများ အထွတ်အထိပ်သို့ မြင့်တက်လာခဲ့ပြီး ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ဖြတ်သျတို့က စစ်ကြေညာခဲ့သည်။

ဖြတ်သျတို့သည် ရေကြောင်းအသာစီးရမှုကို အသုံးပြု၍ ၁၈၂၄ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ကို ဖြတ်သျနှင့် အိန္ဒိယတပ်သား အင်အား ၁၀,၀၀၀ ခန့်ဖြင့် ရုတ်တရက် ဝင်ရောက်စီးနင်းခဲ့ရာ မြန်မာတို့ အငိုက်မိသွားခဲ့သည်။ စစ်သူကြီး မဟာဗန္ဓုလသည် အာသံစစ်မျက်နှာမှ နေပြည်တော်သို့ ပြန်လည်ဆုတ်ခွာပြီး တပ်သား ၃၀,၀၀၀ ခန့်ဖြင့် ရန်ကုန်ကို ပြန်လည်သိမ်းပိုက်ရန် ကြိုးပမ်းခဲ့သော်လည်း၊ ဖြတ်သျတို့၏ ခေတ်မီလက်နက်များ (ဥပမာ- Congreve ရော့ကတ်များ) နှင့် ရေတပ်အင်အားကြောင့် အရေးနိမ့်ခဲ့ရသည်။ ထို့နောက် ဧရာဝတီမြစ်ဝကျွန်းပေါ် ဓနုဖြူခံတပ်မှ ခုခံတိုက်ခိုက်ခဲ့သော်လည်း ၁၈၂၅ ခုနှစ် ဧပြီလတွင် မဟာဗန္ဓုလ ကျဆုံးခဲ့ရသည်။ စစ်ပွဲသည် အင်းဝနေပြည်တော်အနီး ပုဂံအထိ ရောက်ရှိလာပြီးနောက် မြန်မာတို့သည် ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရန်ကုပိစာချုပ် (Treaty of Yandabo) ကို အရှုံးပေး လက်မှတ်ရေးထိုး၍ စစ်ပွဲကို အဆုံးသတ်ခဲ့ရသည်။

ဤစစ်ပွဲသည် ဖြတ်သျအိန္ဒိယသမိုင်းတွင် ကုန်ကျစရိတ်အများဆုံးနှင့် အရှည်ကြာဆုံးစစ်ပွဲဖြစ်ခဲ့ပြီး ဖြတ်သျနှင့် အိန္ဒိယတပ်သား ၁၅,၀၀၀ ကျော် သေဆုံးခဲ့ရာ အများစုမှာ ငှက်ဖျား၊ ဝမ်းကိုက်စသည့် အပူပိုင်းရောဂါများ ကြောင့် ဖြစ်သည်။ စစ်စရိတ်မှာ ဖြတ်သျတို့ဘက်မှ စတာလင်ပေါင် ၅ သန်းမှ ၁၃ သန်းအထိ ကုန်ကျခဲ့ရာ ၁၈၃၃ ခုနှစ် တွင်

ဗြိတိသျှအိန္ဒိယ၌ ပြင်းထန်သော စီးပွားရေးအကျပ်အတည်းများပင် ဖြစ်ပေါ်ခဲ့သည်။ မြန်မာတို့သည် ရခိုင်၊ တနင်္သာရီ၊ အာသံ၊ မဏိပူရတို့ကို ပေးအပ်ခဲ့ရသည့်အပြင် စစ်လျော်ကြေး ငွေဒင်္ဂါး တစ်ကုဋေ (ပေါင်တစ်သန်း) ပေးဆောင်ခဲ့ရသည်။ ထို့အပြင် အင်းဝနေပြည်တော်တွင် ဗြိတိသျှ သံကိုယ်စားလှယ် ထားရှိရန်နှင့် ကုန်သွယ်ရေး စာချုပ်ချုပ်ဆိုရန် သဘောတူခဲ့ရသည်။ ဤရလဒ်သည် မြန်မာ့အင်ပါယာ၏ ဩဇာတိက္ကမကို ကြီးမားစွာ ထိုး နှက်လိုက်ခြင်းဖြစ်သည်။

ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၅၂-၁၈၅၃) ၏ စီးပွားရေးပစ်မှတ်များ

ရန်ကုန်စာချုပ် ချုပ်ဆိုပြီးနောက် ၂၆ နှစ်ခန့်အကြာ မြန်မာတို့၏ ကုန်သွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များနှင့် အခွန် ကောက်ခံမှုများကို ရန်ကုန်ရှိ ဗြိတိသျှကုန်သည်များက မကျေမနပ်ဖြစ်လာကြသည်။ အထူးသဖြင့် အောက်မြန်မာပြည်ရှိ ကျွန်းသစ်တောများတွင် စီးပွားရေးလုပ်ပိုင်ခွင့်နှင့် ကလကတ္တကတားနှင့် စက််ပူအကြား ဆိပ်ကမ်း တစ်ခု တည်ဆောက်ရန် ဗြိတိသျှအစိုးရက ပြင်းပြစွာ လိုလားနေသည်။ ဗြိတိသျှအိန္ဒိယဘုရင်ခံချုပ် လော့ဒ် ဒါလဟိုဇီ (Lord Dalhousie) ၏ နယ်ချဲ့မူဝါဒအရ ကုန်သည်များ၏ တိုင်ကြားချက်များကို အကြောင်းပြု၍ ရေတပ်အရာရှိ Commodore Lambert အား ရန်ကုန်သို့ စေလွှတ်ကာ ရန်စမှုများ ပြုလုပ်ခဲ့သည်။ Lambert သည် မြန်မာတို့၏ သဘော်တစ်စင်းကို သိမ်းယူကာ ရန်ကုန်ဆိပ်ကမ်းကို ပိတ်ဆို့ခဲ့ရာမှ စစ်ပွဲစတင်ခဲ့သည်။ ၁၈၅၂ ခုနှစ် ဧပြီလတွင် ဗြိတိသျှတပ်များသည် မုတ္တမ၊ ရန်ကုန်၊ ပုသိမ်နှင့် ပဲခူးတို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ၁၈၅၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် လော့ဒ်ဒါလဟိုဇီက အောက်မြန်မာပြည် (ပဲခူးတိုင်း) ကို ဗြိတိသျှအင်ပါယာ အတွင်းသို့ သွတ်သွင်းကြောင်း တရားဝင်ကြေညာခဲ့သည်။ ဤစစ်ပွဲကြောင့် ကုန်းဘောင်မင်းဆက်သည် ပင်လယ်ထွက်ပေါက် လုံးဝမရှိတော့ဘဲ ကုန်းတွင်းပိတ်နိုင်ငံအဖြစ်သို့ ရောက်ရှိသွားခဲ့ရကာ နိုင်ငံတကာနှင့်ဆက်သွယ်ရန် ဗြိတိသျှတို့၏ခွင့်ပြုချက်ကို မှီခိုရမည့် အခြေအနေသို့ ဆိုက်ရောက်သွားခဲ့သည်။

တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၈၅) ၏ ပထဝီနိုင်ငံရေး

အထက်မြန်မာပြည်ကို အုပ်စိုးသော မင်းတုန်းမင်းကြီးသည် အုပ်ချုပ်ရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ကို ပြုလုပ်၍ နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်ဆံရေး ထူထောင်ရန် ကြိုးပမ်းခဲ့သော်လည်း နယ်ချဲ့အန္တရာယ်ကို အပြည့်အဝ မကာကွယ်နိုင်ခဲ့ပေ။ ၁၈၈၄ ခုနှစ် သီပေါမင်းလက်ထက်တွင် မြန်မာတို့သည် ပြင်သစ်အစိုးရထံ မှ စစ်လက်နက်ပစ္စည်း အကူအညီရယူရန်နှင့် မီးရထားလမ်းဖောက်လုပ်ရန် ကြိုးပမ်းလာမှုကို ဗြိတိသျှတို့က မိမိတို့၏ အိန္ဒိယအင်ပါယာအတွက် ကြီးမားသော လုံခြုံရေးခြိမ်းခြောက်မှုအဖြစ် ရှုမြင်လာသည်။ ထိုအချိန်တွင် မြန်မာတို့ဖက်မှ ဘုံဘေဘားမားသစ်ကုမ္ပဏီ (Bombay Burmah Trading Corporation) အား တောင်ဥသစ် တောများမှ သစ်ခိုးထုတ်မှုဖြင့် ဒဏ်ငွေရိုက်လိုက်ခြင်းသည် ဗြိတိသျှတို့အတွက် နောက်တစ်ကြိမ်ကျူးကျော်ရန် အကောင်းဆုံးအကြောင်းပြချက် ဖြစ်လာခဲ့သည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာလတွင် ဗြိတိသျှတို့သည် အထက်မြန်မာပြည်သို့ ကျူးကျော်ဝင်ရောက်ခဲ့ရာ တိုက်ပွဲ ကြီးကြီး

မားမားမရှိဘဲ နှစ်ပတ်အတွင်း မန္တလေးနေပြည်တော်ကို သိမ်းပိုက်နိုင်ခဲ့သည်။ သီပေါမင်းနှင့် စုဖုရားလတ်တို့ကို အိန္ဒိယနိုင်ငံ၊ ရတနာဂီရိသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အထက်မြန်မာပြည် တစ်ခုလုံးကို ဗြိတိသျှအိန္ဒိယအင်ပါယာ၏ ပြည်နယ်တစ်ခုအဖြစ် သွတ်သွင်းကြောင်း ကြေညာခဲ့သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေး လုံးဝဆုံးရှုံးခဲ့ရသည်။ သို့သော်လည်း ဗြိတိသျှတို့သည် နိုင်ငံကို လွယ်ကူစွာ မအုပ်ချုပ်နိုင်ခဲ့ဘဲ တောကြိုတောင်ကြားများတွင် မြန်မာမျိုးချစ်များ၏ ပြောက်ကျားစနစ်ဖြင့် ခုခံတော်လှန်မှုများကို ဆယ်စုနှစ်တစ်ခုနီးပါး အပြင်းအထန် နှိမ်နင်းခဲ့ရသည်။



ဗြိတိသျှကျူးကျော်စစ်သုံးခုနှင့် နယ်မြေသိမ်းပိုက်မှု သရုပ်ပြမြေပုံ၊ ပုံ-အင်တာနက်

၃။ ကိုလိုနီအုပ်ချုပ်ရေးယန္တရား- "ခွဲခြားအုပ်ချုပ်ရေးစနစ်"

မြန်မာတနိုင်ငံလုံးကို သိမ်းပိုက်ပြီးနောက် ဗြိတိသျှအစိုးရက အုပ်ချုပ်ရေးစနစ် ပြန်လည်ဖွဲ့စည်းရာတွင် ပထဝီဝင်အနေအထားနှင့် လူမျိုးရေးကွဲပြားမှုများကို အဓိက အသုံးချခဲ့သည်။ ဗမာလူမျိုးအများစု နေထိုင်ရာ လွင်ပြင်ဒေ

သများနှင့် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာ တောင်တန်းဒေသများကို သီးခြားစီ အုပ်ချုပ်သည့် "ခွဲခြားအုပ်ချုပ်ရေးစနစ် (Divide and Rule)" ကို စနစ်တကျ အကောင်အထည်ဖော်ခဲ့သည်။ ဤမူဝါဒကြောင့် အနာဂတ် မြန်မာနိုင်ငံ၏ နိုင်ငံရေးအက်ကြောင်းများ ဖြစ်လာခဲ့သည်။

ဝန်ကြီးများအုပ်ချုပ်သော မြန်မာပြည် (Ministerial Burma သို့မဟုတ် Burma Proper)

ဗြိတိသျှတို့သည် မြန်မာပြည်မတွင် ဘုရင်စနစ်နှင့် ရိုးရာအုပ်ချုပ်ရေး ယန္တရားအားလုံးကို ဖျက်သိမ်း၍ အိန္ဒိယ ကိုလိုနီမော်ဒယ်ကို အတုယူထားသော တိုက်ရိုက်အုပ်ချုပ်ရေးစနစ် (Direct Rule) ကို ပြဋ္ဌာန်းခဲ့သည်။ ဗြိတိသျှပုံစံ မြို့ပြအုပ်ချုပ်ရေးယန္တရား၊ တရားစီရင်ရေးစနစ်နှင့် ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးခဲ့ပြီး မြန်မာ လူ့အဖွဲ့အစည်းကို အခြေခံမှစ၍ ပြောင်းလဲပစ်ခဲ့သည်။

လူမှုရေးနှင့် ယဉ်ကျေးမှုအရ အကြီးမားဆုံး ထိုးနှက်ချက်မှာ သံဃာ့အဖွဲ့အစည်းနှင့် အစိုးရအကြား ဆက်ဆံရေးကို ဖြတ်တောက်လိုက်သည့် ကိစ္စဖြစ်သည်။ မြန်မာမင်းများ လက်ထက်က သာသနာပိုင်စနစ်ဖြင့် သံဃာများကို အစိုးရက စောင့်ရှောက်ထောက်ပံ့ပေးခဲ့သော်လည်း၊ ဗြိတိသျှတို့က ဘာသာရေးကို နိုင်ငံရေးမှ ခွဲထုတ်လိုက်ပြီး သာသနာပိုင်ခန့်အပ်ခွင့်ကို ရပ်ဆိုင်းလိုက်သည်။ သံဃာ့အဖွဲ့အစည်း၏ လူမှုရေးဦးဆောင်မှု အခန်းကဏ္ဍမှာ များစွာယုတ်လျော့သွားခဲ့ရသည်။ ထို့ပြင် လောကီပညာရေးစနစ်သစ်နှင့် အင်္ဂလိပ်စာသင်ကျောင်းများကို မိတ်ဆက်ခဲ့ရာ ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်မှာ နောက်တန်းသို့ ရောက်ရှိသွားခဲ့သည်။ အခွန်ကောက်ခံမှုတွင်လည်း သာသမေဓအခွန် (Thathameda Tax) နှင့် လူခွန် (Capitation Tax) တို့ကို ပြဋ္ဌာန်းကာ ကိုလိုနီအစိုးရ အတွက် ဝင်ငွေရှာဖွေခဲ့သည်။

စီးပွားရေးအရ မြန်မာနိုင်ငံသည် ကိုယ့်ဖူလုံရုံ စိုက်ပျိုးရေးစနစ်မှသည် ကမ္ဘာ့စျေးကွက်သို့ တင်ပို့ရန် ဆန်စပါး အဓိကစိုက်ပျိုးသော ကိုလိုနီစီးပွားရေးစနစ်သို့ အသွင်ပြောင်းသွားသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင် လယ်ယာစိုက်ပျိုးရေးကို အကြီးအကျယ် တိုးချဲ့ခဲ့သော်လည်း အကျိုးအမြတ်အများစုမှာ ဗြိတိသျှ ကုမ္ပဏီကြီးများ၊ အိန္ဒိယချစ်တီးယား ငွေချေးလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသား ကုန်သည်များ၏ လက်အောက်သို့သာ ရောက်ရှိသွားသည်။ မြန်မာလယ်သမားများမှာ လယ်ယာမြေများ ဆုံးရှုံးကာ ဆင်းရဲမွဲတေမှုဒဏ်ကို အလူးအလဲ ခံစားခဲ့ရသည်။ ဤစီးပွားရေး မညီမျှမှုများသည် နောင်တွင် အမျိုးသားရေးလှုပ်ရှားမှုများအတွက် အဓိကတွန်းအားဖြစ်လာခဲ့သည်။

တောင်တန်းဒေသများ (Frontier Areas) နှင့် သွယ်ဝိုက်အုပ်ချုပ်ရေး

တောင်တန်းဒေသများဖြစ်သည့် ရှမ်း၊ ကချင်၊ ချင်း၊ ကရင်နီ နှင့် နာဂဒေသများကိုမူ မြန်မာပြည်မနှင့် လုံးဝမတူသော မူဝါဒဖြင့် ဗြိတိသျှတို့က သွယ်ဝိုက်အုပ်ချုပ်ရေးစနစ် (Indirect Rule) ဖြင့် ထိန်းချုပ်ခဲ့သည်။ ထိုဒေသများကို မြန်မာပြည်မ၏ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးယန္တရားအောက်မှ လုံးဝခွဲထုတ်၍ ဘုရင်ခံက ဒေသ

ခံ မျိုးနွယ်စုခေါင်းဆောင်များကို အသုံးချကာ သီးခြားကွပ်ကဲခဲ့သည်။

- **ရှမ်းပြည်နယ်များ-** ရှမ်းပြည်နယ်များကို ၁၉၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပေါင်းစည်း၍ ရှမ်းပြည်ထောင်စု (Federated Shan States) အဖြစ် ဖွဲ့စည်းခဲ့သည်။ မြောက်ပိုင်းနှင့် တောင်ပိုင်း ရှမ်းပြည်နယ် ၃၄ ခု ပါဝင်ပြီး တောင်ကြီးမြို့တွင် အခြေစိုက်သော ဗြိတိသျှ ကော်မရှင်နာမင်းကြီး (Commissioner) က ကာကွယ်ရေး၊ နိုင်ငံခြားရေးနှင့် အရေးကြီးသော အခြေခံအဆောက်အအုံ ကိစ္စများကို ကိုင်တွယ်ခဲ့သည်။ သို့သော် ရှမ်းစော်ဘွားများ (Saophas/Sawbwas) ကို ၎င်းတို့၏ နယ်ပယ်အလိုက် ရိုးရာဓလေ့ထုံးတမ်း ဥပဒေများအတိုင်း အုပ်ချုပ်ခွင့်၊ အခွန်ကောက်ခံခွင့်နှင့် တရားစီရင်ခွင့်များကို ဆက်လက် ပေးအပ်ထားခဲ့သည်။ ၁၉၂၂ ခုနှစ်တွင်ပင် စော်ဘွားများနှင့် အရာရှိများပါဝင်သော Federal Council of Shan Chiefs ကို အကြံပေးအဖွဲ့အဖြစ် ဖွဲ့စည်းပေးခဲ့သည်။
- **ကချင်နှင့် ချင်းဒေသများ-** တောင်တန်းနှင့် သစ်တောများ ထူထပ်သော ဤဒေသများအတွက် ၁၈၉၅ ခုနှစ် ကချင်တောင်တန်းမျိုးနွယ်စုများ စည်းမျဉ်းဥပဒေ (Kachin Hill Tribes Regulation 1895) နှင့် ၁၈၉၆ ခုနှစ် ချင်းတောင်တန်း စည်းမျဉ်းဥပဒေ (Chin Hills Regulation 1896) တို့ကို ပြဋ္ဌာန်း၍ ဒေသခံ မျိုးနွယ်စုခေါင်းဆောင်များ (Duwas, Ram-uk) မှတစ်ဆင့် အုပ်ချုပ်ခဲ့သည်။ ပြည်မနှင့် ကူးလူးဆက်ဆံ မှုများကို ကန့်သတ်ထားခဲ့သည်။
- **ကရင်နီပြည်နယ်များ (Karenni States):** ဗြိတိသျှတို့က ကရင်နီပြည်နယ် (ကန္တရဝတီ၊ ဘောလခဲ၊ ကြယ်ဘိုးကြီး) များကို ဗြိတိသျှပိုင်နက် (British Territory) အဖြစ် တိုက်ရိုက်မသတ်မှတ်ဘဲ အစောင့် အရှောက်ခံ လွတ်လပ်သော ပြည်နယ်များ (Independent sovereign states under British protection) အဖြစ် အသိအမှတ်ပြုထားခဲ့သည်။ လွတ်လပ်ရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ၎င်းတို့၏ အဆင့်အတန်းမှာ အလွန်ရှုပ်ထွေးခဲ့သည်။

ဤခွဲခြားအုပ်ချုပ်ရေးမူဝါဒသည် တောင်တန်းဒေသများကို ခေတ်မီနိုင်ငံရေးနှင့် ဥပဒေပြုရေး လုပ်ငန်းစဉ်များမှ ဆယ်စုနှစ်များစွာ ဖယ်ကြဉ်ထားခဲ့ပြီး မြန်မာပြည်မရှိ ဗမာလူမျိုးများနှင့် တောင်တန်းနေ တိုင်းရင်းသားများအကြား ယဉ်ကျေးမှု၊ စီးပွားရေးနှင့် နိုင်ငံရေးအရ ကွာဟချက်များကို ပိုမိုနက်ရှိုင်းစေခဲ့သည်။ ထို့အပြင် ဗြိတိသျှ စစ်တပ်တွင် ကရင်၊ ကချင်၊ ချင်း လူမျိုးများကိုသာ အဓိကထား စုဆောင်းခဲ့သဖြင့် လူမျိုးရေး သံသယများကို ပိုမို ကြီးထွားစေခဲ့သည်။



အဖြူရောင်နယ်မြေများမှာ ဝန်းကြီးများအုပ်ချုပ်မှုအောက်က မြန်မာပြည် တနည်း မြန်မာပြည်မ (ရခိုင်၊ တနင်္သာရီ၊ မွန်၊ ကရင်၊ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ မန္တလေး- လက်ရှိ ပြည်နယ်နှင့်တိုင်း ၁၄ ခုအနက် ၁၀ ခုပါဝင်)၊ မီးခိုးရောင် နယ်မြေများမှာ တောင်တန်းဒေသ (ချင်း၊ ကချင်၊ ရှမ်း)၊ အနက်ရောင်နယ်မြေမှာ လွတ်လပ်သော ကရင်နီပြည်နယ်များ၊ ပုံ-အင်တာနက်

၄။ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံအစိုးရအက်ဥပဒေနှင့် အုပ်ချုပ်ရေးပိုင်းခြားမှု

၁၉၃၅ ခုနှစ်တွင် ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံအစိုးရအက်ဥပဒေ (Government of Burma Act 1935) သည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် အလွန်အရေးပါသော ဥပဒေဖြစ်သည်။ ဤဥပဒေအရ မြန်မာနိုင်ငံကို ၁၈၈၆ ခုနှစ်ကတည်းက အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းထားရာမှ ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့ တွင် သီးခြားကိုလိုနီနိုင်ငံ (Crown Colony) အဖြစ် အိန္ဒိယမှ ခွဲထုတ်လိုက်သည်။ ၁၉၃၅ အက်ဥပဒေအရ မြန်မာပြည်

မ (ဝန်ကြီးများအုပ်ချုပ်သော ဒေသ) တွင် အမတ် ၃၆ ဦးပါဝင်သော အထက်လွှတ်တော် (Senate) နှင့် အမတ် ၁၃၂ ဦးပါဝင်သော အောက်လွှတ်တော် (House of Representatives) ဟူ၍ လွှတ်တော်နှစ်ရပ်ပါ ဝင်သည့် ဥပဒေပြု လွှတ်တော်ကို ဖွဲ့စည်းပေးခဲ့ပြီး ကျယ်ပြန့်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပေးအပ်ခဲ့သည်။ မြန်မာ့နိုင်ငံရေးသမားများသည် ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ဘဏ္ဍာရေးနှင့် တောင်တန်းဒေသ အုပ်ချုပ်ရေး ကဏ္ဍများမှ လွဲ၍ ကျန်အစိုး ရယန္တရားများကို စီမံခန့်ခွဲခွင့် ရရှိလာကြသည်။ သို့သော် ထူးခြားချက်မှာ ဤ ၁၉၃၅ ခုနှစ် အက်ဥပဒေ၏ ဇယား ၂ (Second Schedule) တွင် တောင်တန်းဒေသများကို "ဖယ်ချန်ထားသော ဒေသများ သို့မဟုတ် သတ်မှတ်ပြဋ္ဌာန်းထားသော ဒေသများ (Excluded Areas or Scheduled Areas)" အဖြစ် အပိုင်းနှစ်ပိုင်း တိကျစွာ ခွဲခြားသတ် မှတ်ခဲ့ခြင်းဖြစ်သည်။

အပိုင်း	ဒေသအမျိုးအစား	ပါဝင်သော နယ်မြေများ	အုပ်ချုပ်မှု ပုံစံ
Part I	လုံးဝဖယ်ချန်ထားသော ဒေသများ (Excluded Areas)	ရှမ်းပြည်ထောင်စု၊ ချင်းတောင်တန်း၊ ကချင်တောင်တန်း၊ ရခိုင်တောင်တန်း၊ သံလွင်ခရိုင်၊ နာဂတောင်တန်းစသည်။	ဝန်ကြီးများ၏ အုပ်ချုပ်မှုအောက်မှ လုံးဝဖယ်ထုတ်ထားပြီး ဘုရင်ခံက သူ၏ ကိုယ်ပိုင်သဘောဆန္ဒ (Governor in his discretion) ဖြင့် တိုက်ရိုက် ကွပ်ကဲအုပ်ချုပ်သည်။
Part II	တစ်စိတ်တစ်ပိုင်း ဖယ်ချန်ထားသော ဒေသများ (Partially Excluded Areas)	မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင် စသည့် နယ်စပ် ဒေသအချို့နှင့် ကပြားဒေသများ။	ဘုရင်ခံက ဝန်ကြီးများ၏ အကြံပေးချက်ကို ရယူသော်လည်း နောက်ဆုံးဆုံးဖြတ်ချက်ကို သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက် (Governor in his individual judgment) ဖြင့်သာ ချမှတ်သည်။

၁၉၄၇ ခုနှစ် တောင်တန်းဒေသ စုံစမ်းစစ်ဆေးရေးကော်မတီ (FACE) ၏ အစီရင်ခံစာအရ ဤ Scheduled Areas များသည် မြန်မာနိုင်ငံ စုစုပေါင်း ဧရိယာ၏ ၄၇ ရာခိုင်နှုန်း (စတုရန်းမိုင် ၁၁၃,၀၀၀) ခန့်ရှိပြီး၊ လူဦးရေ အားဖြင့် ၁၆ ရာခိုင်နှုန်း (၂.၄ သန်းခန့်) ရှိကြောင်း သိရသည်။ ဤအက်ဥပဒေက ပြည်မနှင့် တောင်တန်းဒေသကို ဥပဒေအရပါ လုံးဝ သီးခြားစီဖြစ်သွားစေခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းချိန်တွင် ဤအုပ်ချုပ်ရေး နှစ်ရပ်ကို ပြန်လည်ပေါင်းစည်းရေးသည် နိုင်ငံရေးအရ အကြီးမားဆုံး အဟန့်အတားတစ်ခု ဖြစ်လာခဲ့သည်။

၅။ လွတ်လပ်ရေးအကြိုကာလ

ဒုတိယကမ္ဘာစစ်၊ ဖက်ဆစ်တော်လှန်ရေးနှင့် အောင်ဆန်း-အက်တလီ စာချုပ်


ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်တွင် ဂျပန်တို့က မြန်မာနိုင်ငံကို ဝင်ရောက်သိမ်းပိုက်ခဲ့ရာ ဗြိတိသျှတို့သည် အိန္ဒိယသို့ ဆုတ်ခွာခဲ့ရပြီး ကိုလိုနီအုပ်ချုပ်ရေးယန္တရားကြီး ပြိုကွဲသွားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) သည် အစောပိုင်းတွင် ဂျပန်တို့နှင့် ပူးပေါင်းခဲ့သော်လည်း၊ ဂျပန်တို့၏ ဖက်ဆစ်အုပ်ချုပ်ရေးကို မခံမရပ်နိုင်ဖြစ်လာသောအခါ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ - Anti-Fascist People's Freedom League, AFPFL) ကို ဖွဲ့စည်း၍ မဟာမိတ်တပ်များနှင့် ပူးပေါင်းကာ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့ကြသည်။ စစ်အတွင်းကာလများ၌ တောင်တန်းဒေသများရှိ ကချင်၊ ချင်း နှင့် ကရင် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ (Kachin Levies, Chin Levies) သည် ဗြိတိသျှအရာရှိများ၏ ဦးဆောင်မှုဖြင့် ဂျပန်ကို ပြောက်ကျားစနစ်ဖြင့် တော်လှန်ခဲ့ကြရာ တိုင်းရင်းသားများ၏ စစ်ရေးစွမ်းရည်နှင့် အမျိုးသားရေး နိုးကြားမှုများလည်း ပိုမိုအားကောင်းလာခဲ့သည်။ ဤအချက်သည် စစ်အပြီး တွင် တောင်တန်းဒေသများ၏ နိုင်ငံရေးအခန်းကဏ္ဍကို ပိုမိုအရေးပါလာစေခဲ့သည်။

စစ်အပြီးတွင် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံအား ဓနသဟာယအဖွဲ့ဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနိုင်ငံ (Dominion status) အဖြစ် တဖြည်းဖြည်းချင်းပေးအပ်ရန် "စက္ကူဖြူစာတမ်း(White Paper)" ဖြင့် ရည်ရွယ်ခဲ့သည်။ သို့သော် ဖဆပလ အဖွဲ့ချုပ်ကမူ "တစ်နှစ်အတွင်း လွတ်လပ်ရေးအရယူမည်" ဟူသော ရည်မှန်းချက်ဖြင့် လူထုလှုပ်ရှားမှုများကို ပြင်းထန်စွာ ဆင်နွှဲခဲ့သည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ရွှေတိဂုံအလယ်ပစ္စယံ ညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်းက တောင်တန်းဒေသများကို ပြည်မနှင့်မခွဲဘဲ တစ်ပေါင်းတည်း လွတ်လပ်ရေးရယူရန် ကြေညာခဲ့သည်။ ထို့နောက် ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက ဗြိတိသျှအစိုးရအား လွတ်လပ်ရေးအတွက် တိကျသော တောင်းဆိုမှုများကို ပြုလုပ်ခဲ့ပြီး မလိုက်လျောပါက ဖဆပလ ဝန်ကြီးများ အစိုးရအဖွဲ့မှ နုတ်ထွက်မည်ဟု ရာဇသံပေးခဲ့ရာ ဗြိတိသျှဝန်ကြီးချုပ် ကလီမင့် အက်တလီ (Clement Attlee) သည် မြန်မာခေါင်းဆောင်များကို လန်ဒန်သို့ ဖိတ်ခေါ်၍ လွတ်လပ်ရေးဆွေးနွေးပွဲများ ပြုလုပ်ရန် သဘောတူခဲ့ရသည်။

အောင်ဆန်း-အက်တလီ စာချုပ် (၁၉၄၇ ဇန်နဝါရီ) နှင့် FACE ကော်မတီ

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှဝန်ကြီးချုပ် အက်တလီတို့သည် "အောင်ဆန်း-အက်တလီ စာချုပ် (Aung San-Attlee Agreement)" ကို လန်ဒန်မြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ ဤစာချုပ်သည် မြန်မာနိုင်ငံအား တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန်၊ တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်ယူရေးအတွက် ၁၉၃၅ အက်ဥပဒေ ရွေးကောက်ပွဲစနစ်ကို အသုံးပြု၍ ဧပြီလတွင် ရွေးကောက်ပွဲများကျင်းပရန် သဘောတူညီခဲ့သော သမိုင်းဝင်စာချုပ်ဖြစ်သည်။ ဤစာချုပ်ကို ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့က လက်မှတ်မထိုးခဲ့ပေ။

သို့သော် ဗြိတိသျှတို့သည် တောင်တန်းဒေသများကို ပြည်မနှင့် ချက်ချင်းပူးပေါင်းပေးရန် ဝန်လေးခဲ့သည်။ ထို့ကြောင့် စာချုပ်၏ အပိုဒ် (၈) တွင် တောင်တန်းဒေသများ (Frontier Areas) နှင့် ပတ်သက်၍ အရေးကြီးသော ပြဋ္ဌာန်းချက်များကို ထည့်သွင်းခဲ့သည်။ ယင်းအပိုဒ်တွင် "တောင်တန်းဒေသများနှင့် မြန်မာပြည်မတို့ကို လျင်မြန်စွာ ပူးပေါင်းရေးသည် အစိုးရနှစ်ရပ်လုံး၏ ဘုံရည်မှန်းချက်ဖြစ်သော်လည်း၊ ယင်းသို့ပူးပေါင်းရာတွင် ထိုဒေသရှိ ဒေသခံပြည်သူများ၏ လွတ်လပ်သော သဘောဆန္ဒ (Free Consent of the Inhabitants) ဖြင့်သာ ပြုလုပ်ရမည်" ဟု အတိအလင်း ပြဋ္ဌာန်းခဲ့သည်။



ထို့အပြင် တောင်တန်းဒေသခံများ၏ သဘောဆန္ဒကို စုံစမ်းသိရှိနိုင်ရန်အတွက် "တောင်တန်းဒေသများ စုံစမ်းစစ် ဆေးရေးကော်မတီ (Frontier Areas Committee of Enquiry - FACE)" တစ်ရပ်ကို ဖွဲ့စည်းရန် အပိုဒ် ၈(ဃ) တွင် သဘောတူညီခဲ့ကြသည်။ ဤကော်မတီတွင် ဖဆပလ ကိုယ်စားလှယ် ၄ ဦး၊ တောင်တန်းဒေသ ကိုယ်စားလှယ် ၄ ဦး ပါဝင်ပြီး ကြားနေ ဥက္ကဋ္ဌအဖြစ် ဗြိတိသျှ လွတ်တော်အမတ် ဒေးဗစ် ရီးစ်-ဝီလျံ (Lt.-Col. D. R. Rees-Williams) က ဆောင်ရွက်ခဲ့သည်။ FACE ကော်မတီသည် မေမြို့ (ပြင်ဦးလွင်) တွင် စုံစမ်းစစ်ဆေးမှုများ ပြု လုပ်ခဲ့ပြီးနောက် ၁၉၄၇ ခုနှစ် ဧပြီလ ၂၄ ရက်တွင် အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ တောင်တန်းဒေသ အများစုမှ ကိုယ်စားလှယ်များသည် မြန်မာပြည်မနှင့် ပူးပေါင်း၍ တိုင်းပြုပြည်ပြုလွတ်တော်တွင် ပါဝင်ရန် ဆန္ဒရှိကြောင်းကို အတည်ပြု တင်သွင်းခဲ့ကြသည်။ သို့ဖြင့် လွတ်လပ်ရေးလုပ်ငန်းစဉ်အတွက် ကြီးမားသော ဥပဒေရေးရာ အတား အဆီးကို ကျော်လွှားနိုင်ခဲ့သည်။


တောင်တန်းဒေသများ စုံစမ်းစစ် ဆေးရေးကော်မတီ အစီရင်ခံစာ ၊ ပုံ-အင်တာနက်

ပင်လုံစာချုပ်- တောင်တန်းနှင့် ပြည်မ ပူးပေါင်းရေး နိုင်ငံရေးပဋိညာဉ်

အောင်ဆန်း-အက်တလီ စာချုပ်ပါ ပြဋ္ဌာန်းချက်များအရ တောင်တန်းဒေသ ခေါင်းဆောင်များ၏ သဘောထားကို ရယူရန်အတွက် ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့တွင် ညီလာခံတစ်ရပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ အစော

ပိုင်း၌ ကျင်းပခဲ့သည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိလာပြီးနောက် ရှမ်း၊ ကချင်နှင့် ချင်းခေါင်းဆောင်များနှင့် အကြိတ်အနယ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ကရင်ကိုယ်စားလှယ်များမှာ KNU ၏ လမ်းညွှန်ချက်ဖြင့် သပိတ်မှောက်ခဲ့ပြီး လေ့လာသူအဖြစ်သာ တက်ရောက်ခဲ့သည်။ ကရင်နီ၊ မွန်၊ ရခိုင် ခေါင်းဆောင်များမှာ ပါဝင်ခဲ့ခြင်း မရှိပေ။

တောင်တန်းဒေသ ခေါင်းဆောင်များသည် ၁၉၃၅ အက်ဥပဒေအရ ဆယ်စုနှစ်များစွာ သီးခြားနေထိုင်ခဲ့ရသဖြင့် မြန်မာပြည်မမှ ဗမာနိုင်ငံရေးသမားများကို ယုံကြည်မှု အားနည်းနေသော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားပွင့်လင်းမှု၊ တန်းတူညီမျှရေး အာမခံချက်များနှင့် နိုင်ငံရေးအမြော်အမြင်တို့ကြောင့် သဘောတူညီမှု ရရှိခဲ့သည်။ အထူးသဖြင့် ဖေဖော်ဝါရီလ ၉ ရက်နေ့ မိန့်ခွန်းများတွင် ဗိုလ်ချုပ်အောင်ဆန်းက "ဗမာတစ်ကျပ်ရရင် ရှမ်း၊ ကချင်၊ ချင်းတို့လည်း တစ်ကျပ်ရစေရမည် (If Burma receives one kyat, you will also get one kyat)" ဟု အခိုင်အမာ ကတိပြုခဲ့ခြင်းသည် တိုင်းရင်းသားခေါင်းဆောင်များ၏ ယုံကြည်မှုကို ရရှိစေခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်း၊ ကချင်၊ ချင်း ခေါင်းဆောင် (၂၃) ဦးတို့သည် သမိုင်းဝင် ပင်လုံစာချုပ် (The Panglong Agreement) ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။



THE PANGLONG AGREEMENT

Dated Panglong, the 12th. February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Sawbwas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of those Areas of the autonomy which it now enjoys in Internal Administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a United Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

Shan Committee. — Kachin Committee. — Burmese Government.

Sawbwa of Yawnghwe State. (Sao Hkun Hmat)
Sawbwa of Mongpawn State. (Sao Kya Bu)
Sawbwa of Hsenwi State. (Sao Hkun Hkio)
Sawbwa of Lawksawk State. (Sao Hkun Kyi)
Sawbwa of Mong Pawn State. (Sao Kya Aung)
Sawbwa of Kengtung State. (Sao Sam Htun)
Representative of Kengtung Sawbwa. (Hkun Pung)
(U Tin E) (U Khun Myint)
(U Kyaw Su) (Hkun Saw)
(Sao Tepe Hpa) (Hkun Ktee)

(Jinghpaw Myi, Myitkyina)
(Lisu Hkio, Myitkyina)
(Lisu Rip, Myitkyina)
(Lisaw Tang, Myitkyina)
(Zau Le, Bhamo.)
(Zau Lawn, Bhamo)
(Lahtawng Grung, Bhamo)

Chin Committee.
(U Hlur Hmung, ATM, TDM, M.B.E., Falam.)
(U Thawng Za Khup, ATM, Tiddim.)
(U Kio Mang, ATM, Haka)

ပင်လုံစာချုပ် ၊ ပုံ-အင်တာနက်

ပင်လုံစာချုပ်၏ အဓိကအချက် ၉ ချက်

ပင်လုံစာချုပ်သည် အပိုင် ၉ ပိုဒ် ပါဝင်ပြီး တောင်တန်းဒေသများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဒီမိုကရေစီ အခွင့်အရေးများကို ဥပဒေအရ အခိုင်အမာ အာမခံထားသော နိုင်ငံရေးပဋိညာဉ် ဖြစ်သည်။

အပိုဒ်	နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ
၁	တောင်တန်းဒေသများဘက်မှ ကိုယ်စားလှယ်တစ်ဦးကို ဘုရင်ခံ၏ အတိုင်ပင်ခံဝန်ကြီး (Counsellor to the Governor) အဖြစ် ခန့်အပ်ရန်။
၂	အဆိုပါ အတိုင်ပင်ခံဝန်ကြီးကို အမှုဆောင်ကောင်စီ (Executive Council) တွင် ဌာနလက်ကိုင်မရှိသော ဝန်ကြီးအဖြစ် ခန့်အပ်၍၊ တောင်တန်းဒေသအရေးကို အမှုဆောင်ကောင်စီ၏ လုပ်ပိုင်ခွင့်အတွင်းသို့ သွတ်သွင်းရန်။
၃	အတိုင်ပင်ခံဝန်ကြီးအား ကူညီရန် ၎င်းနှင့် လူမျိုးမတူသော ဒုတိယအတိုင်ပင်ခံဝန်ကြီး (Deputy Counsellors) နှစ်ဦးကို ခန့်အပ်၍ ပူးတွဲတာဝန်ယူမှု (Joint responsibility) မူအရ လုပ်ဆောင်ရန်။
၄	အမှုဆောင်ကောင်စီ အစည်းအဝေးများတွင် တောင်တန်းဒေသကိစ္စများ ဆွေးနွေးသည့်အခါ ဒုတိယ အတိုင်ပင်ခံ ဝန်ကြီးများပါ တက်ရောက်ခွင့်ပြုရန်။
၅	တောင်တန်းဒေသများသည် ၎င်းတို့၏ ပြည်တွင်းအုပ်ချုပ်ရေးတွင် အပြည့်အဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Full autonomy in internal administration) ရရှိစေရမည်ဟူသော မူကို အခြေခံအားဖြင့် လက်ခံရန်။
၆	တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရမည်ဖြစ်သော်လည်း ပေါင်းစည်းထားသော မြန်မာနိုင်ငံအတွင်း သီးခြား ကချင်ပြည်နယ် (Separate Kachin State) တစ်ခု ဖွဲ့စည်းပေးရန် နှစ်လိုဖွယ်ဖြစ်ကြောင်း သဘောတူရန်။
၇	တောင်တန်းဒေသနေ ပြည်သူများသည် ဒီမိုကရေစီနိုင်ငံများရှိ အခြေခံ အခွင့်အရေးများနှင့် ရပိုင်ခွင့်များ (Fundamental democratic rights) ကို ရရှိခံစားစေရန်။
၈	ဤစာချုပ်ပါ အစီအစဉ်များသည် ရှမ်းပြည်ထောင်စု (Federated Shan States) ၏ ဘဏ္ဍာရေးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို မထိခိုက်စေရန်။
၉	ဤစာချုပ်ပါ အစီအစဉ်များသည် ကချင်နှင့် ချင်းတောင်တန်းဒေသများက မြန်မာပြည်မ ဘဏ္ဍာငွေမှ ထောက်ပံ့ကြေးများ ရပိုင်ခွင့်ကို မထိခိုက်စေရန်နှင့် အဆိုပါဒေသများအတွက် ရှမ်းပြည်ထောင်စုကဲ့သို့ ဘဏ္ဍာရေးအစီအစဉ်များ ပြုလုပ်ပေးနိုင်ရေးကို လေ့လာဆန်းစစ်ရန်။

ဤပင်လုံစာချုပ်အရ တောင်တန်းဒေသခေါင်းဆောင်များကို ဝန်ကြီးအဆင့် နေရာပေးလိုက်ခြင်းဖြင့် ၎င်းတို့သည် မြန်မာနိုင်ငံ၏ အမြင့်ဆုံး အုပ်ချုပ်ရေးယန္တရားတွင် ပထမဆုံးအကြိမ် ပါဝင်လာနိုင်ခဲ့သည်။ ကိုလိုနီခေတ်က ကန့်သတ်ချုပ်ချယ်ခဲ့သော Government of Burma Act 1935 ဥပဒေများကို ကျော်လွန်၍ ပြည်မနှင့် တောင်တန်းတန်းတူညီမျှရေးကို နိုင်ငံရေးအရ ဖော်ဆောင်နိုင်ခဲ့သည်။

၆။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ- အမည်ခံ ဖက်ဒရယ်စနစ်

ပင်လုံစာချုပ် ချုပ်ဆိုပြီးနောက် တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ရွေးကောက်ပွဲများကို ၁၉၄၇ ခုနှစ် ဧပြီလ တွင်ကျင်းပခဲ့ပြီး ဖဆပလအဖွဲ့ချုပ်က အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ တိုင်းပြုပြည်ပြု လွှတ်တော်က ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ရေးဆွဲထားသော မူကြမ်းကိုအခြေခံ၍ အခြေခံဥပဒေ ရေးဆွဲနေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် နိုင်ငံရေးပြိုင်ဘက် ဂဠုန်ဦးစော၏ လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အစိုးရအဖွဲ့ဝင်များ လုပ်ကြံခံခဲ့ရသည်။ ထို့နောက် ဦးနု က ဗိုလ်ချုပ်အောင်ဆန်းနေရာကို ဆက်ခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အကြံပေးပုဂ္ဂိုလ် များဖြစ်ကြသော ဦးချမ်းထွန်း၊ ဆာဘဦး၊ ဦးအေးမောင်တို့၏ အကူအညီဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြန်ဆုံး အချောသတ်ရေးဆွဲခဲ့ပြီး ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ဗြိတိသျှ ပါလီမန်က Burma Independence Act 1947 ကို ဒီဇင်ဘာလတွင် ပြဋ္ဌာန်းပေးခဲ့ပြီးနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့သည်။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရစနစ်အဖြစ် ပါလီမန်ဒီမိုကရေစီစနစ်ကို ပြဋ္ဌာန်းကျင့်သုံးသည်။ ဥပဒေ ပြုလွှတ်တော်အဖြစ် လူဦးရေအချိုးကျ ရွေးကောက်သော "ပြည်သူ့လွှတ်တော် (Chamber of Deputies)" နှင့် တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုရန် အမတ် ၁၂၅ ဦးပါဝင်သော "လူမျိုးစုလွှတ်တော် (Chamber of Nationalities)" ဟူ၍ လွှတ် တော်နှစ်ရပ် ဖွဲ့စည်းထားသည်။ သို့သော် လွတ်လပ်ရေးအကြိုကာလက ရရှိခဲ့သော ပင်လုံကတိကဝတ်များကို အပြည့်အဝ ထင်ဟပ်နိုင်ခြင်းမရှိခဲ့ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အားနည်းချက်များစွာ ရှိနေခဲ့သည်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားပြည်နယ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် အဆင့်အတန်း ပေးအပ်ရာတွင် တပြေးညီမဟုတ်သော မညီမျှသည့် ဖက်ဒရယ်စနစ် (Asymmetric Federalism) ကို ဖန်တီးခဲ့သည်။

အဆင့်အတန်း	ပါဝင်သော ဒေသများ	နိုင်ငံရေးနှင့် အုပ်ချုပ်ရေး လုပ်ပိုင်ခွင့်များ
ပြည်နယ်အဆင့် (Full Statehood)	ရှမ်းပြည်နယ်၊ ကချင် ပြည်နယ်၊ နှင့် ကရင်နီပြည်နယ် (နောင် ကယားပြည် နယ်)	ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ကောင်စီများနှင့်တကွ ပြည်နယ်အဆင့်အတန်းနှင့် ဥပဒေပြုခွင့် ပေးအပ်ခဲ့သည်။ (ကရင်ပြည်နယ်ကို နောင်တွင် ဖွဲ့စည်းပေးရန်

		ပြဋ္ဌာန်းခဲ့သည်)။
အထူးတိုင်း (Special Division)	ချင်းအထူးတိုင်း (Chin Special Division)	ပြည်နယ်အဆင့် မပေးဘဲ အုပ်ချုပ်ရေးအာဏာ အကန့်အသတ်သာရှိသော ဒေသအဖြစ်သာ သတ်မှတ်ခဲ့သည်။
ပြည်မ (Burma Proper / Ministerial Burma)	ဗမာလူမျိုးအများစု နေထိုင်ရာ လွင်ပြင်ဒေသများ	သီးခြားပြည်နယ်အစိုးရ သို့မဟုတ် ပြည်နယ်လွှတ်တော် မထားရှိဘဲ ပြည်ထောင်စု ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်သည်။

အကြီးမားဆုံးသော ဖွဲ့စည်းပုံဆိုင်ရာ အားနည်းချက်မှာ ပြည်မ (Burma Proper) ကို ပြည်နယ်တစ်ခုအဖြစ် မဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ဤသည်မှာ ပြည်ထောင်စုအစိုးရနှင့် ဗမာပြည်နယ်အစိုးရကို တစ်ထပ်တည်းဖြစ်စေခဲ့ပြီး၊ ပြည်ထောင်စုအစိုးရယန္တရားကို ဗမာလူမျိုးများက ချုပ်ကိုင်ထားသည်ဟူသော ခံစားချက်ကို တိုင်းရင်းသားများအကြား ဖြစ်ပေါ်စေခဲ့သည်။ ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ် (Heads of State Councils) များကို ပြည်နယ်ကောင်စီများက ရွေးချယ်သော်လည်း၊ ပြည်ထောင်စု ဝန်ကြီးချုပ်က တိုက်ရိုက်ဝင်ရောက်စွက်ဖက် ရွေးချယ်ခန့်အပ်နိုင်ခွင့်ရှိခြင်းသည် ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကြီးမားစွာ ထိခိုက်စေခဲ့သည်။ ဤအချက်များကို အခြေခံဥပဒေရေးဆွဲရေး အကြံပေးအရာရှိချုပ် ဦးချမ်းထွန်း ကိုယ်တိုင်က "ကျွန်ုပ်တို့နိုင်ငံသည် သီအိုရီအရ ဖက်ဒရယ် ဖြစ်သော်လည်း၊ လက်တွေ့တွင် တပြည်ထောင်စနစ်သာ ဖြစ်သည် (Our country, though in theory federal, is in practice unitary)" ဟု ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့ရသည်။ ဗမာများလွှမ်းမိုးသော ဗဟိုအစိုးရက ပြည်နယ်များအပေါ် လွှမ်းမိုးမှု လွန်ကဲခြင်းအပါအဝင် တိုင်းရင်းသား ပြည်နယ်များ တန်းတူအခွင့်အရေး ကင်းမဲ့မှုများအားလုံးကိုလွှမ်းခြုံပြီး ၁၉၄၇အခြေခံဥပဒေကပုံဖော်ထားသောဖက်ဒရယ်စနစ်ကို အမည်ခံဖက်ဒရယ် (Quasi Federalim) ဟု တိုင်းရင်းသားများက သတ်မှတ်ကြသည်။

၇။ အခန်း (၁၀) ပါ ခွဲထွက်ခွင့်နှင့် အငြင်းပွားဖွယ်ရာများ

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အထူးခြားဆုံးနှင့် အငြင်းပွားဖွယ်အကောင်းဆုံး ပြဋ္ဌာန်းချက်မှာ အခန်း (၁၀) ပုဒ်မ ၂၀၁ မှ ၂၀၈ အထိ ပြဋ္ဌာန်းထားသည့် "ခွဲထွက်ခွင့် (Right of Secession)" ပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသခေါင်းဆောင်များ၏ သံသယကို ဖျောက်ဖျက်ရန်နှင့် ပင်လုံစိတ်ဓာတ်ကို အလေးအနက်ထားကြောင်းပြသရန် ဤခွဲထွက်ခွင့်ကို ထည့်သွင်းပေးခဲ့ခြင်း ဖြစ်သည်။

- **ပုဒ်မ ၂၀၁:** ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်များသည် ပြည်ထောင်စုအတွင်းမှ ခွဲထွက်ခွင့်ရှိကြောင်း အတိအလင်း ပြဋ္ဌာန်းထားသည်။

- **ပုဒ်မ ၂၀၂:** ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အာဏာတည်သည့်နေ့ (၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်) မှစ၍ ဆယ်နှစ် (၁၀ နှစ်) တင်းပြည့်ကျပ်ပြည့် မတိုင်မီကာလအတွင်း မည်သည့်ပြည်နယ်ကမျှ ခွဲထွက်ခွင့်ကို ကျင့်သုံးခွင့် မရှိစေရဟု ကန့်သတ်ထားသည်။
- **ပုဒ်မ ၂၀၃ မှ ၂၀၆:** ခွဲထွက်လိုပါက ပြည်နယ်ကောင်စီဝင် ၃ ပုံ ၂ ပုံ၏ ထောက်ခံချက်ဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပြီး၊ ထို့နောက် သက်ဆိုင်ရာ ပြည်နယ်တွင် လူထုဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုရမည်ဟူသော တင်းကျပ်သည့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားသည်။

သို့သော် ဤခွဲထွက်ခွင့်သည် ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်တို့အတွက်သာ အကျုံးဝင်ပြီး ကချင်ပြည်နယ်နှင့် နောင်တွင်ဖွဲ့စည်းမည့် ကရင်ပြည်နယ်တို့ကိုမူ ခွဲထွက်ခွင့်မရှိကြောင်း ကန့်သတ်ပြဋ္ဌာန်းခဲ့ခြင်းသည် မညီမျှသော ဖွဲ့စည်းပုံ၏ သက်သေပင်ဖြစ်သည်။

၈။ လွတ်လပ်ရေးအလွန် နိုင်ငံရေးအကျပ်အတည်းနှင့် ၁၉၆၂ စစ်အာဏာသိမ်းမှု

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များနှင့် ပင်လုံကတိကဝတ်များ အကောင်အထည် မဖော်နိုင်မှုတို့ကြောင့် နိုင်ငံရေးမတည်ငြိမ်မှုများ ချက်ချင်းဆိုသလို ပေါ်ပေါက်လာခဲ့သည်။ လွတ်လပ်ရေး မရမီကတည်းက တိုင်းပြုပြည်ပြုလွတ်တော်ကို သပိတ်မှောက်ခဲ့သော ကရင်အမျိုးသား အစည်းအရုံး (KNU) နှင့် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (KNDO) တို့သည် ၁၉၄၉ ခုနှစ် အစောပိုင်းမှစ၍ သီးခြား ကရင်ပြည်နယ် (Kawthoolei) ထူထောင်ရေးအတွက် အစိုးရကို လက်နက်ကိုင် တော်လှန်ခဲ့ကြသည်။ ထိုနည်းတူ ကွန်မြူနစ်ပါတီ (CPB) ၏ လက်နက်ကိုင် ပုန်ကန်မှုများကြောင့် နိုင်ငံသည် ပြည်တွင်းစစ်မီးလျှံထဲသို့ ကျရောက်ခဲ့ရသည်။

လွတ်လပ်ရေးရပြီး ဆယ်စုနှစ်တစ်ခုကျော်ကြာသောအခါ ပြည်နယ်များအား ဘဏ္ဍာရေး ခွဲဝေချထားမှု မမျှတခြင်း၊ ပြည်နယ်အုပ်ချုပ်ရေးတွင် ဗဟိုအစိုးရ၏ ဝင်ရောက်စွက်ဖက်မှု ကြီးမားခြင်းနှင့် ၁၉၆၁ ခုနှစ်တွင် ဦးနု အစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့ခြင်းတို့ကြောင့် (ဘာသာရေးလွတ်လပ်ခွင့်ကို ထိခိုက်သဖြင့်) တိုင်းရင်းသားခေါင်းဆောင်များအကြား မကျေနပ်မှုများ အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့သည်။

၁၉၄၇ အခြေခံဥပဒေ အခန်း (၁၀) ပါ ၁၀ နှစ်ပြည့်လျှင် ခွဲထွက်ခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်အရ ရှမ်းခေါင်းဆောင်များသည် ဖက်ဒရယ်လှုပ်ရှားမှုဟု လူသိများသော နိုင်ငံရေးအရ လှုပ်ရှားမှုများ ပြုလုပ်လာကြသည်။ သို့သော် ရှမ်းစော်ဘွားများနှင့် ခေါင်းဆောင်များသည် ခွဲထွက်ရေးကို ဦးစားပေးမရွေးချယ်ဘဲ ပြည်ထောင်စု ပြိုကွဲမည့်အန္တရာယ်မှ ကာကွယ်ရန်နှင့် စစ်မှန်သော ဖက်ဒရယ်စနစ် တည်ဆောက်ရန် ရည်ရွယ်၍ ဥပဒေ ဘောင်အတွင်းမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ၏ ပထမဆုံး သမ္မ

တ ဖြစ်ခဲ့သူ ညောင်ရွှေစော်ဘွားကြီး စစ်ရွှေသိုက်နှင့် ရှမ်းခေါင်းဆောင်များသည် ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရ၏ ထောက်ခံချက်ဖြင့် "ရှမ်းပြည်နယ်၏ ဖက်ဒရယ်အဆိုပြုချက် (The Shan Federal Proposal)" ကို ရေးဆွဲခဲ့ သည်။ ၁၉၆၁ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တိုင်းရင်းသားပေါင်းစုံ တက်ရောက်သော 'တောင်ကြီးညီလာခံ' ကို ကျင်းပခဲ့ပြီး ပြည်မကိုလည်း အခြားပြည်နယ်များနည်းတူ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ကာ လွတ်တော်နှစ်ရပ်ကို အာဏာတူညီစွာ ပေးအပ်မည့် စစ်မှန်သော ဖက်ဒရယ်မူများကို တောင်းဆိုခဲ့ကြသည်။

၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် အဆိုပါ ဖက်ဒရယ်အဆိုပြုချက်ကို ဆွေးနွေးရန် ရန်ကုန်မြို့၌ ဝန်ကြီးချုပ် ဦးနု၊ နိုင်ငံရေးခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်သော ဖက်ဒရယ်ညီလာခံတစ်ရပ် ကျင်းပနေစဉ် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော စစ်တပ်က "ဖက်ဒရယ်ဆိုသည်မှာ ခွဲထွက်ရေးပင်ဖြစ်ပြီး ပြည်ထောင်စု ပြိုကွဲမည့် အန္တရာယ်ကို ကာကွယ်ရန်" ဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံတော်အာဏာကို အကြမ်းဖက် သိမ်းပိုက်လိုက်သည်။ စစ်ရွှေသိုက်မှာ နေအိမ်၌ အကြမ်းဖက် ဖမ်းဆီးခံရပြီး ထိုနှစ် စက်တင်ဘာလတွင် ထောင်တွင်း၌ ကွယ်လွန်သွားခဲ့သည်။ အာဏာသိမ်းချိန်မှစ၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပျက်ပြယ်သွားခဲ့ပြီး ပင်လုံစာချုပ်၏ ကတိကဝတ်များလည်း လေထဲသို့ လွင့်ပျောက်သွားကာ မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ စစ်အာဏာရှင်စနစ်နှင့် ပြည်တွင်းစစ် နွံထဲသို့ ကျရောက်သွားခဲ့ပါတော့သည်။

၉။ အချုပ်

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံကို ဗြိတိသျှတို့က ကျူးကျော်စစ်သုံးခုဖြင့် အဆင့်ဆင့် သိမ်းပိုက်ခဲ့ပြီးနောက် အုပ်ချုပ်ရေးလွယ်ကူစေရန်နှင့် သယံဇာတ အကျိုးအမြတ်များ ထုတ်ယူနိုင်ရန်အတွက် မြန်မာပြည်မနှင့် တောင် တန်းဒေသများဟူ၍သတ်မှတ်က ခွဲခြားအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ယင်းအချက်သည် နိုင်ငံ၏ အနာဂတ်အတွက် ကြီးမားသော နိုင်ငံရေးနှင့် လူမှုရေး အက်ကြောင်းကြီးများကို ဖြစ်စေခဲ့သည်။ ထိုအက်ကြောင်းများကို ဖာထေးရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက ပင်လုံစာချုပ်ဖြင့် တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် ကြိုးပမ်းနိုင်ခဲ့ကြသည်။ ကိုလိုနီခေတ် လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း ဖက်ဒရယ်မျိုးစေ့ကို ချပေးခဲ့ခြင်းဖြစ်သည်။ တနည်းအားဖြင့် မြန်မာနိုင်ငံမှာ ဖက်ဒရယ်စနစ်ကျင့်သုံးဖို့ဖြစ်လာရခြင်း၏ အဓိကအကြောင်းအရင်းမှာ မြန်မာပြည်မနှင့် တောင်တန်းဒေသများ လွတ်လပ်ရေး အတူပူးတွဲရယူပြီးသည့်အခါ လွတ်လပ်သောမြန်မာနိုင်ငံတွင် ကျင့်သုံးမည့် နိုင်ငံရေးစနစ်အဖြစ် မြန်မာပြည်မခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသ တိုင်းရင်းသားခေါင်းဆောင်များ သဘောတူညီခဲ့ ကြ၍ဖြစ်သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရပြီးနောက် ဦးနုနှင့် ဥပဒေအကြံပေးတစ်ချို့ အချိန်တိုအတွင်း အလျင်စလို ရေးဆွဲခဲ့သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ဖက်ဒရယ်မျိုးစေ့ကို အပင်သန်အောင် ပုံဖော်ပေးနိုင်ခြင်း မရှိခဲ့ပေ။ "အမည်ခံ ဖက်ဒရယ်၊ လက်တွေ့တပြည်ထောင်" ဖက်ဒရယ်အတုစနစ်တွင် ဗမာမဟုတ်သော တိုင်းရင်းသားများ တန်းတူအခွင့်အရေး ငြင်းပယ်ခံခဲ့ရသည်။ ၁၉၄၇ အခြေခံဥပဒေက ပေးအပ်ထားသည့် ခွဲထွက်ခွင့်ကို မည့်သည့်တိုင်းရင်းသားကမျှ မကျင့်သုံးပဲ ဥပဒေဘောင်အတွင်းမှ အခြေခံဥပဒေကိုပြင်ဆင်ကာ စစ်မှန်သောဖက်ဒရယ်စနစ် ဖေါ်ဆောင်ရေးကိုသား လုပ်ဆောင်ခဲ့ကြသည်။ ဦးနုကလည်း တိုင်းရင်းသားများ၏ တောင်းဆိုမှုကို လိုက်လျောသည့်အနေဖြင့် ရန်ကုန်မြို့၌ ဖက်ဒရယ်ညီလာခံ ကျင်းပနေစဉ် ဖက်ဒရယ်ဆိုသည်မှာ တိုင်းပြည်ပြိုကွဲရေးဖြစ်သည်ဟု အကြောင်းပြချက်ဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၂ မတ်လ ၂ ရက်နေ့တွင် စစ်အာဏာသိမ်းခဲ့သည်။ တိုင်းရင်းသားများ၏ ငြိမ်းချမ်းစွာ ဥပဒေဘောင်အတွင်းမှ စစ်မှန်သော ဖက်ဒရယ်စနစ်တောင်းဆိုမှုကို စစ်တပ်အာဏာသိမ်းမှုက အဆုံးသတ်သွားစေခဲ့သည်။ ထို့နောက် တိုင်းရင်းသားများက စစ်မှန်သော ဖက်ဒရယ်စနစ်ကို လက်နက်ကိုင်တော်လှန်ရေးဖြင့် ဆက်လက်တောင်းဆို တိုက်ပွဲဝင်လာကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

ယခင်က ဖက်ဒရယ်စနစ်တောင်းဆိုမှုကို ဗမာမဟုတ်တိုင်းရင်းသားများ၏ လိုလားတောင်းဆိုမှုအဖြစ်သာ ဗမာများက ရှုမြင်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ယင်း ပေါ်ပေါက်လာသော နွေဦးတော်လှန်ရေးတွင် တနိုင်ငံလုံးက တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်လာကြသည်။ ဗမာနှင့် ဗမာမဟုတ်သော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းခိုင်မြဲလာကြပြီး ဗမာတိုင်းရင်းသားများကပါ ဖက်ဒရယ်ဒီမိုကရေစီကို တညီတညွတ်တည်း လိုလားတောင်းဆိုလာကြသည်။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရမှုနှင့်အတူ လွဲချော်ခဲ့ရသော စစ်မှန်သည့်ဖက်ဒရယ်စနစ်ကို နွေဦးတော်လှန်ရေးမှတဆင့် ပြန်လည် ဖေါ်ဆောင်ရမည့် အခြေအနေကို ရောက်ရှိနေသည်။ ။

© ခင်မောင်ဝင်း Institute for Peace and Social Justice 202609